Kanbawza Win is a political scientist based in Canada.

အပြစ်မယူခြင်းနှင့် အသွင်ကူးပြောင်းရေးကာလ တရားစီရင်ရေး ဆိုင်ရာ စဉ်းစားချက်များ

မြန်မာနိုင်ငံတွင် အချိန်ကာလတခုအတွင်း၌ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ကို အနှေးနှင့်အမြန် ကြုံတွေ့လာရမည် ဖြစ်သည်။ ထိုအခါ ဒီမိုကရေစီ ဘက်တော်သား များနှင့် တိုင်းရင်းသားလူမျိုးစု အုပ်စုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုကို ခံခဲ့ကြရသူ မိသားစုများသည် အတိတ်ကာလမှ ဖြစ်မှုများနှင့် ပတ်သက်၍ အပြစ် ကျူးလွန်သူများနှင့် တာဝန်ရှိသူများကို တရားစီရင်ရန် တောင်းဆိုလာမည် ဖြစ်သည်။ သူတို့တွင် နောင်အနာဂတ်၌ ထိုကဲ့သို့သော ဖြစ်မှုမျိုးကို မည်သူမျှ ထပ်၍ မကျူးလွန် နိုင်စေရန် သတိပေးလိုခြင်း၊ ကာကွယ်လိုခြင်း စသည့် ဆန္ဒများ ရှိကြသည်။ အခြားတဖက်တွင်လည်း အချို့သူများက မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည် သင့်မြတ်ရေး ကို ငဲ့ညှာသောအားဖြင့်လည်းကောင်း၊ နိုင်သူအကုန်ယူ ဟူသည့် (အောင်နိုင်သူက ကျူပင်ငုတ်ကျူငုတ်မကျန် ရှင်းသည့်) တရားစီရင်မှုမျိုးကိုလည်း အနာဂတ် နိုင်ငံရေးဘဝတွင် ထပ်မံ မဖြစ်ပွားရစေရန် အစဉ်အလာ တခု ချမှတ်သော အားဖြင့်လည်းကောင်း မြန်မာ့ ထုံးထမ်းစဉ်လာ ဘာသာရေးအယူအဆများနှင့်လည်း ကိုက်ညီသော ခွင့်လွှတ်ရေးမှု ကို ကိုင်စွဲရန်၊ ယင်းမှုအား လွှတ်ငြိမ်းချမ်းသာခွင့် ဥပဒေ ထုတ်ပြန်၍ ဆောင်ရွက်ရန် တိုက်တွန်းကြမည် ဖြစ်သည်။ ဤစာတန်းသည် ထိုကဲ့သို့ ဒွိဟဖြစ်နေသည့် မှုများနှင့်စပ်လျဉ်း၍ မည်သို့ စဉ်းစားသင့်သည်ကို တင်ပြသော လေ့လာချက် စာတမ်းတခု ဖြစ်သည်။

ဤကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတကာတရားစီရင်ရေး နယ်ပယ်တွင် ပြောင်းလဲလာသော လုပ်ထုံးလုပ်နည်းများနှင့်လည်း ယှဉ်၍ စဉ်းစားနိုင်မည် ဖြစ်သည်။ ၁၉၉၈ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာ ပြစ်မှုတရားစီရင်ရေးခုံရုံး တရပ် စတင် ဖွဲ့စည်း ဆောင်ရွက် လာခြင်း၊ ဗြိတိသျှတရားရုံးက ချီလီ စစ်ခေါင်းဆောင် ပီနိုချေ အား နိုင်ငံပြင်ပတွင် တရားစွဲဆိုနိုင်ကြောင်း အမိန့်ချမှတ်ခြင်းနှင့် ယခုနောက်ဆုံး ဆောင်ရွက်လျက် ရှိသော ယူဂိုဆလားဗီးယား သမတဟောင်း စလိုဘိမ် မီလော့ဆဗစ်ချ် အား ဟေ့ဂ် မြို့တွင် ခုံရုံးတင်စစ်ဆေးနေခြင်း စသည့် အခြေအနေများ တွင် မြန်မာနိုင်ငံ၌ အပြစ် မယူခြင်း ကိစ္စ ကို မည်သို့စဉ်းစားနိုင်သည် ကို ဤစာတမ်း၌ တင်ပြထားပါသည်။

ပထမဦးစွာ ပြောကြားလိုသည်မှာ မြန်မာနိုင်ငံတွင် အတိတ်ကာလ၌ မည်သို့ မှားယွင်းခဲ့သည့် အမှန်တရားကို စုပေါင်းစဉ်းစား အဖြေရှာနိုင်ရန်၊ ဆိုးရွားသော အရှက်တကွဲ ဖြစ်ခဲ့ရမှုများနှင့် ကြိတ်မှိတ် ခံစားခဲ့ရမှုများကို ပြန်လည်ပြောကြားနိုင်ရန်၊ အခွင့်အလမ်းတခု ကို သတ်သတ်မှတ်မှတ် ရည်ရွယ်ပြီး ဖော်ထုတ်သင့်ပါသည်။ ထိုသို့မဆောင်ရွက်ပါက၊ တိုင်းသူပြည်သားများသည် မိမိတို့ အတိတ်ကြွေးများကို ပြန်လည်ဆပ်နိုင်ရန် မိမိဖာသာမိမိ စီစဉ်ဆောင်ရွက်လာမည် ဖြစ်သောကြောင့် ညီညွတ်မှု ပြိုကွဲပြီးသားဖြစ်နေသော နိုင်ငံတွင် ထပ်၍ ကွဲကြရန်သာ ရှိတော့သည်။ ထိုသို့ အမှန်တရားကိုစုပေါင်းဖော်ထုတ်သင်ခန်းစာ ယူနိုင်မှသာလျှင် အတိတ်ကာလ ဖြစ်ရပ်များကို

ပြည်ဖုံးကားချ ဖတ်သိမ်းနိုင်ပြီး စစ်မှန်သောဆက်ဆံရေး နှင့် ခွင့်လွှတ်ရေး ကို အမှန်တကယ် တည်ဆောက်နိုင်မည် ဖြစ်သည်၊

အပြစ်မယူခြင်း ဟူသော ဝေါဟာရသည် လက်တင်ဘာသာ မှ ဆင်းသက်လာခြင်း ဖြစ်ပြီး တရားရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်အရမူ အချက်သုံးရပ်နှင့် ရှင်းလင်းပါသည်၊ ယင်းမှာ ကျူးလွန်သောပြစ်မှုရှိခြင်း၊ အပြစ်ကျူးလွန်သူရှိခြင်း၊ ယင်းပြစ်မှုနှင့်စပ်လျဉ်းသော တရားစီရင်မှုအား ငြင်းပယ်ခြင်း ပင်ဖြစ်သည်။ အပြစ် မယူခြင်းကိစ္စသည် ယခုအခါ လူမှုရေးအသွင်ဆောင်လာပြီး၊ ကြီးမားသော လူ့အခွင့် အရေးချိုးဖောက်မှုများကို နိုင်ငံတော် လုံခြုံရေးကိစ္စများကို အကြောင်းပြ၍ ဆောင်ရွက် လာသော ဖြစ်ရပ်များတွင် လုပ်လေ့လုပ်ထ ရှိလာသည်။ ထို့သို့ ချိုးဖောက်မှုများကို ခံခဲ့ကြရသူများသည် ကမ္ဘာ့အဝှမ်းတွင် ယခင်ကဲ့သို့ လျစ်လျူရှုခြင်း မခံလိုတဲ၊ အမှန် တရား ဖော်ထုတ်မှုနှင့် ထိုက်သင့်သော တရားစီရင်မှုသည် အရေးကြီးကြောင်း၊ အမျိုးသား ပြန်လည် သင့်မြတ်ရေးဖြစ်စဉ်အတွက် ပဓါန ကျကြောင်းကို အစဉ်တစိုက် တင်ပြလာသည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုများ အဘယ်ကြောင့် များများစားစား ဖြစ်ပွားနေရသနည်း ဟူသော ကိစ္စကို ဆန်းစစ်ကြည့်သော အခါ အကြမ်းဖက်မှုထုံးထမ်းစဉ်လာ တခုကြောင့်ဖြစ်သည် ဟု ယူဆနိုင်သည်။ ယင်း အကြမ်းဖက်မှု ထုံးထမ်းစဉ်လာ သည် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးခေတ် မှ စတင် လာခဲ့သည်။ လွတ်မြောက်ရေးတိုက်ပွဲဝင် အမျိုးသားအဖွဲ့အစည်းများသည် ဗြိတိသျှ ကိုလိုနီနယ်ချဲ့များနှင့် ဂျပန်ဖက်ဆစ်တပ်များကို တွန်းလှန်နိုင်ရန်အတွက် စစ်တပ်များ ဖွဲ့စည်းတည်ထောင်လာခဲ့သည်၊ သို့သော် ယင်းဖွဲ့စည်းမှုများသည် စနစ်တကျ မဟုတ်တဲ၊ ယင်းတပ်ဖွဲ့ဝင်များ လိုက်နာရန် စည်းကမ်းများကို လည်း လျော့လျော့ရဲရဲ သာ ချထားခဲ့သည်။ ထိုမှ စတင်သန္ဓေတည်ခဲ့သော ယနေ့ခေတ် မြန်မာ့တပ်မတော် တွင်လည်း အဖွဲ့ဝင်များသည် ယင်းတို့အား ချုပ်နှောင်ထားသော စည်းကမ်းများ မရှိ၊ ယင်းတို့သည် တိုင်းပြည်တာဝန်ကို အသက်ပေးထမ်းဆောင်နေကြရသူများဖြစ်ရာ ဥပဒေ၏ အပေါ်တွင် ရှိကြောင်း မိမိကိုယ်ကို ထင်မြင်ယူဆလာသည်။ ထိုအခါ ယင်းတို့ ဆောင်ရွက်သော အပြုအမူများအတွက် မည်သို့မျှ တာဝန်ယူခြင်း မရှိဘဲ၊ ယင်းတို့၏ အပြစ်များကို အပြစ်ယူခြင်းမရှိသည့် လျစ်လျူရှုမှုများ လည်း ဖြစ်လာ သည်။

မြန်မာဆိုရိုးတခု ဖြစ်သော သေသောသူကြာရင်မေ့ ဟူသည့် စကားနှင့်အညီ အတိတ် ဖြစ်ရပ်များကို မေ့ပစ်နိုင်လျှင် အကောင်းဆုံး ဖြစ်မည် ဟု လွယ်လွယ်ပြော၍ မရချေ။ နိုင်ငံအသီးသီး၏ သမိုင်းဖြစ်ရပ်များကို လေ့လာပါက အစိုးရများ ထင်သကဲ့သို့ အတိတ်ဖြစ်ရပ်များကို ပြန်ဖော်ထုတ်ခြင်းသည် ယခုကာလ နိုင်ငံရေးတည်ငြိမ်မှု ကို ထိခိုက်နိုင်သည် ဟူသော အယူအဆများအတိုင်း မဖြစ်လာချေ။ ပို၍ ထိခိုက်သည့် ကိစ္စများမှာ အတိတ်တွင် ခံခဲ့ကြရသူများသည် စစ်မှန်သော စိတ်ဒုံးဒုံးချ ကျေနပ်မှု ကို မရကြ၍ အတိတ်ဇာတ်ခန်းအား ပြည်ဖုံးကား မချနိုင်ဘဲ ရှိနေကြသည်။ ထိုအခါ အနာဂတ် အသစ်ကို စရန်မှာလည်း မလွယ်ကူတော့ချေ။ ထိုသို့ ဖြစ်လာသည့်အခါ

လူမှုအဆောက်အအုံအတွင်းတွင်လည်း ကြီးမားသော ဂယက်များ ဖြစ်လာပြီး၊ အမှန်တရားကို ဖော်ထုတ်နိုင်၍ ဖြစ်လာမည့် ဂယက်များထက် များစွာ ဆိုးရွားသွားနိုင်ပေသည်။

နိုင်ငံတကာဖြစ်စဉ်များကို လေ့လာပါက၊ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေး ကော်မတီများကို ဖော်ထုတ် အသုံးချလာသည်ကို တွေ့ရမည် ဖြစ်သည်။ ယင်းကော်မတီများကို နိုင်ငံအတော်များများတွင် ကျင့်သုံးဆောင်ရွက်လာရာ ယင်းကော်မတီများ၏ ပေါ်ပေါက်လာမှုများကို အောက်ပါအတိုင်း တွေ့မြင်နိုင်မည် ဖြစ်သည်။

(၁) ကြီးမားရှည်ကြာ စနစ်တကျ ဖောက်ဖျက်ထားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ သမိုင်းဖြစ်ရပ်မှန်များကို ဖြေရှင်းနိုင်ရန်၊
(၂) အတိတ်ကာလ ဖြစ်မှုများကို တရားနှင့်အညီ ရှုတ်ချ၍ ခံခဲ့ကြရသူများကို လည်း လေးစား အသိအမှတ်ပြုခြင်းအားဖြင့် ပြန်လည်သင့်မြတ်ရေး ဖြစ်စဉ်အတွက် အထောက်အကူပြုစေရန်၊
(၃) အတိတ် ၌ ယင်းသို့သော ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးများ မည်သို့ ဖြစ်ခဲ့ရသနည်း၊ ယင်းသို့ဖြစ်ရန် မည်သည့် စနစ်များက တွန်းပို့ခဲ့သနည်း စသည့် သင်ခန်းစာများကို တိုင်းသူပြည်သား အများစု သိနိုင်ရေးအတွက် ပညာပေးရန်၊
(၄) ခံခဲ့ကြသူများအတွက် လိုလားချက်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန်၊ ရည်ရွယ်ပါသည်။

ယင်းကော်မတီများသည် နိုင်ငံပေါင်း နှစ်ဆယ်ကျော်တွင် လိုက်နာ ဆောင်ရွက်ခဲ့ပြီး၊ ယင်းတို့အနက် တောင်အာဖရိက၊ ဂွာတီမာလာနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင် ဆောင်ရွက်ချက်များကို အသေးစိတ် ဆက်လက် လေ့လာသင့်ပါသည်။

ယင်းသို့ နိုင်ငံတကာ သင်ခန်းစာများကို လေ့လာသည့်တိုင်၊ တရားမျှတမှု ကိစ္စ ကို စဉ်းစားသောအခါ မိမိ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့် ဘာသာရေး ထုံးထမ်း စဉ်လာများနှင့် အညီ စဉ်းစားမည် ဖြစ်သည်။ ထိုကိစ္စကို ဆောင်ရွက် သောအခါတွင်လည်း မြန်မာ့ယဉ်ကျေးမှုဖြစ်စဉ် နှင့် မြန်မာ့နီတိ မူဘောင်များအတွင်းမှ ပင် ဆောင်ရွက်ရမည် ဖြစ်သည်။
နိုင်ငံတကာရှိ အသွင်ကူးပြောင်းမှု ကာလများတွင် တရားစီရင်မှုကို မျှတမှုအခြေခံ၍ စဉ်းစားခြင်း နှင့် လက်တွေ့ နိုင်ငံရေး ရှုထောင့်မှ စဉ်းစားခြင်း နှစ်ရပ်အကြား လွန်ဆွဲမှုများ ဖြစ်ခဲ့သည်မှာ ဓမ္မတာ ဖြစ်သည်။ သို့သော်၊ အမှန်တကယ် (လူ့အခွင့် အရေး ချိုးဖောက်ခံရသူများ) ခံခဲ့ကြရသူများအနေဖြင့် လက်တွေ့နိုင်ငံရေး၏ သားကောင်များ မဖြစ်သင့်ပေ။ လုံးဝလျစ်လျူရှုထားခြင်း မခံရသင့်ပေ။ တစုံတခု တနည်းတလမ်း ဆောင်ရွက်နိုင်သင့်သည်။

ကျွန်ုပ်တို့ အမြဲပြောဆိုနေသော ခွင့်လွှတ်မှု နှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းလိုပါသည်။

(က) ခွင့်လွှတ်မှု သည် တရားဥပဒေ ကိစ္စတရပ် မဟုတ်။ ခွင့်လွှတ်မှုသည် တရားစီရင်ခြင်း အတိုင်းအတာ ထက် ကျော်လွန်၍ ပြုခံရသူနှင့် ပြုလုပ်သူ နှစ်ဦး အကြား ဆက်ဆံရေး တွင် တည်ရှိသည်။

(ခ) ခွင့်လွှတ်မှု သည် မေ့ပစ်ခြင်း မဟုတ်။ ခွင့်လွှတ်မှုသည် အပြစ်နှင့် ယင်းကို ကျူးလွန်သူ တို့ အား အသိအမှတ်ပြု နားလည်ခြင်း နှင့် ဆိုင်သည်။

(ဂ) ခွင့်လွှတ်မှု သည် လွတ်မြောက်ခြင်း၏ လမ်းစ ဖြစ်သည်။ ခွင့်လွှတ်ခြင်းသည် အတိတ်မှ အရိပ်မဲကြီး လွှမ်းမိုးနေမှုကို ဖယ်ရှားပစ်နိုင်သည့် လွတ်မြောက်ခြင်း လမ်းစဖြစ်သည်။

(ဃ) ခွင့်လွှတ်မှု သည် တရားမျှတမှု တိုက်ပွဲ၏ တစိတ်တဒေသ ဖြစ်သည်၊

တရားမျှတရေး နှင့် အမှန်တရား ဖော်ထုတ်ရေး တောင်းဆိုမှုများသည် တရားစီရင်ရေး၊ နိုင်ငံရေး နှင့် လူမှုရေးဘောင်အတွင်း၌ သာ ကန့်သတ်ထားရန် မဖြစ်နိုင်ချေ။ ယင်းတောင်းဆိုမှုများ၏ မျှတမှု နှင့် ဘာသာရေး အခြေခံများကား ပို၍ အရေးကြီးလှပေသည်၊ ယင်းတောင်းဆိုမှုများ အတွက် သေချာသည့် နှိုးဆော်ချက်တခုမှာ ကျွန်ုပ်တို့တွင် ဆုံးရှုံးသွားသော လူ့တန်ဖိုးနှင့် လူ့အဖွဲ့အစည်း အတွင်း လူသားဆန်စွာ ရပ်တည်နိုင်သည့် အခွင့်အရေးများကို ပြန်လည် ဖော်ထုတ်ခြင်း ပင်ဖြစ်သည်။ မင်ဒဲလား၏ စကားအတိုင်း ပြောရပါက၊ ပြန်လည် သင့်မြတ်ရေးသည် လူတိုင်း၏ ဆန္ဒဖြစ်သင့်သည်၊ ယင်းသို့ ဖြစ်လာရန် စိတ်ရှည်ရှည် ဖြင့် အချိန်ယူကာ ရေရှည်လုပ်ရသည့် ကိစ္စ ဖြစ်သည်၊ လူတိုင်းမပါက မအောင်မြင်နိုင် ချေ။

မြန်မာနိုင်ငံသားတိုင်း သတိချပ်သင့်သည့် ကိစ္စတခုမှာ ကျွန်ုပ်တို့ မြန်မာ လူ့အဖွဲ့အစည်းအား အခြေခံမူအသစ်များ ဖြင့် ပြန်လည်ပတ်နိုင်ရန် စဉ်းစား ဆောင်ရွက် လာသည့် အနေအထားတွင် အပြစ်ကျူးလွန်သူများကို တရားစီရင်သည့် အခါ၌ ယင်းတို့ အသုံးပြုခဲ့သည့် အကြမ်းဖက်မှုနှင့် နှိပ်စက်မှုများကို ပြန်လည် အသုံးမချမိစေရန် အထူး ရှောင်ရှားသင့်သည်။ ယင်းတို့အား တရားစီရင်ရန် ဖြစ်ခဲ့လျှင်လည်း ယင်းသို့ ပြုမူဆောင်ရွက်ခြင်းသည် ယင်းတို့၏ ဂုဏ်သိက္ခာနှင့် အညီ တာဝန်ယူနိုင်ရန် အခွင့်အရေး ပေးသကဲ့သို့ သဘောထားကြီးကြီး ဖြင့် ဆောင်ရွက်ရမည် ဖြစ်သည်။ သို့မှသာ တရား စီရင်မှု ပြီးဆုံးသွားသောအခါ ယင်းတို့သည် ပတ်ဝန်းကျင်လူ့အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ဆန့်ဆောင်ရွက် လာနိုင်မည့် တိုင်းသူပြည်သားကောင်းများ ပြန်လည် ဖြစ်ခွင့် ရှိမည် ဖြစ်သည်။ ထို့အပြင် တရားစီရင်ရာတွင်လည်း လူတဦး၊ လူတစု၏ ပြစ်မှု ကို အခြေခံပြီး အဖွဲ့အစည်းတခုလုံး လူမျိုးစုတခုလုံး အား အပြစ်တင်ခြင်း၊ ဒဏ်ခတ်ခြင်း များကိုလည်း လုံးဝရှောင်ရှားရမည် ဖြစ်သည်။

ယခုကာလသည် သင်္ကြန်ကျတော့မည့် ရာသီကာလဖြစ်သည်။ သင်္ကြန် တွင် ရေကစားကြသည့် အလေ့အထ ၏ စစ်မှန်သော မူလအဓိပ္ပာယ် မှာ မိမိထက် ကြီးမြတ်သူများကို ရှိခိုးကန်တော့လျက် မိမိတို့ကျူးလွန်ခဲ့ထားသမျှ စော်ကားမှုများကို ပပျောက်အောင် ရေဖြင့် ဆေး၍ နှစ်သစ်ကို စိတ်သစ်ဖြင့် ဖွင့်လိုက်ခြင်း ဖြစ်သည်။ ယင်းအလေ့အထမှာ ပြန်လည်သင့်မြတ်ရေးအတွက် အထူးကောင်းမွန်သော မိရိုးဖလာ ယဉ်ကျေးမှုကောင်းတခု ဖြစ်သည်နှင့်အညီ တပ်မတော်ခေါင်းဆောင်များနှင့် လူထုခေါင်းဆောင်များသည် ယင်းအစဉ်အလာကောင်းများကို အသုံးပြုရန် အလွန်လျော်ညီသော အချိန်ကောင်းကို ရောက်ရှိနေပြီ ဖြစ်ကြောင်း ထပ်လောင်းတင်ပြအပ်ပါသည်။

ကမ္ဘောဇဝင်း
ဧပြီလ၊ ၂၀၀၂ ခုနှစ်။

impunity Inconceivable

In the future transition of Burma, the political leaders coupled with the families of victims may decide that justice must be done against the culprits of the past regimes in order to set a precedent, and also to serve as a deterrent against future crimes. But there are others who will suggest that national reconciliation is critical for a peaceful progress of democratization and that Burma needs to set a precedent by avoiding the "winner takes all" forms of justice, hence the best way to achieve with justice is to follow the traditional religious values of forgiveness via amnesty. This paper attempts to examine this dilemma by using case studies such as South Africa, Guatemala and Cambodia while taking these lessons learned from abroad to the Burmese context. The author uses good practices already available within the Burmese cultural frameworks to conduct truth and reconciliation efforts in democratic transition of Burma.

WP 01/02—April, 2002